# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၉-၂၀၂၀)

# Village Development Plan(VDP)


လွိုင်ကော်မြို့နယ်၊ ပိန်းချစ် ကျေးရွာအုပ်စု၊ ဒေါတနော ကျေးရွာ

# မာတိကာ

အကြောင်းအရာ စာမျက်နှာ



၁။ မြို့နယ်ပြမြေပုံ ၃
၂။ အုပ်စုမြေပုံ ၄
၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ၅
၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) ၆
၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)
အကျဉ်းချုပ်ဇယား ၇
၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ ၈
၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် ၁၀
၈။ ဥစ္စာနေကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ ၁၁
၉။ ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် ၁၁
၁၀။ ရာသီခွင်ပြဇယား ၁၂
၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် ၁၃
၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု ၁၄
၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် ၁၅
၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) ၁၇
၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) ၁၈
၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ ၁၉
၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် ၂၀
၁၈။ ကော်မတီဝင်များစာရင်း ၂၁
၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) ၂၃
၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) ၂၆
၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ၂၈
၂၂။ အစည်းအဝေးမှတ်တမ်းများ ၃၆
၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ၃၇
၂၄။ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား ၃၉
၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ ၄၁

# လွိုင်ကော်မြို့နယ်မြေပုံ



လွိုင်ကော်မြို့နယ်
N
ရှမ်းပြည်နယ်
စကေး – ၁လက်မ = ၄မိုင်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

## ကျေးရွာအုပ်စုမြေပုံ



## ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | ပိန်းချစ် | ကျောက်ကြီး (မြောက်) | |
| ၂။ | ပိန်းချစ် | ကုန်းဆွတ် | |
| ၃။ | ပိန်းချစ် | ဒေါ်တနော | |
| ၄။ | ပိန်းချစ် | ထီရိ | |
| ၅။ | ပိန်းချစ် | ဆိုပို | |
| ၆။ | ပိန်းချစ် | ဝမ့်ကုန်း | |
| ၇။ | ပိန်းချစ် | သာယု | |
| ၈။ | ပိန်းချစ် | နမ့်နောက် | |
| ၉။ | ပိန်းချစ် | ခုတ်လော | |
| ၁၀။ | ပိန်းချစ် | ထနောင်းညွန့် | |
| ၁၁။ | ပိန်းချစ် | နန်းလှာ | |
| ၁၂။ | ပိန်းချစ် | အိုင်စန့် | |
| ၁၃။ | ပိန်းချစ် | ပိန်းချစ် | |

**လူထု**ဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် စတုတ္တနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

(၂၀၁**၉-၂၀၂၀**) ခုနှစ်

ကျေးရွာအုပ်စုအမည်-ပိန်းချစ် ကျေးရွာအမည်-ဒေါ်တနော ရက်စွဲ - ၂၉.၉.၂၀၁၉

ကျေးရွာသမိုင်းကြောင်း

ဒေါ်တနော ကျေးရွာကို ၁၉၆၆ ခုနှစ် ဇန်နဝါရီလ(၃)ရက်နေ့တွင် ကယန်းလူမျိုး (၅)ဦးမှ စတင်တည်ထောင်ပြီး နေထိုင်ခဲ့ကြပါသည်။ ထိုသူတို့၏ အမည်များမှာ ဦးပေါလူ၊ ဦးလုပို၊ ဦးမန်က၊ ဦးကော်ရီ ယိုနှင့်ဦးလစန်းယုတို့ဖြစ်ကြပါသည်။ထိုအချိန်ခါတွင်ဒေါ်တနောကျေးရွာမြေနေရာတွင် မြေဆီလွှာကောင်းမွန်သဖြင့် ထိုသူငါးဦးအပါအဝင်၄င်းတို့၏ဆွေမျိုးများအတူတကွပြောင်းရွှေ့နေထိုင်ခဲ့ကြရာမှ ဒေါ်တနောကျေးရွာ စတင်ဖြစ်ပေါ်လာခဲ့သည်။ကျေးရွာစတင်တည်ထောင်ချိန်တွင် အဓိကအား ဖြင့်စိုက်ပျိုးရေးကိုသာအဓိက လုပ်ကိုင်ခဲ့ပါသည်။

ကျေးရွာ တည်ထောင်ပြီးနောက် အစိုးရမှစာသင်ကျောင်း တည်ဆောက်ပေးပြီး ၊ သာသနာပြု အဖွဲ့မှ ဘုရားကျောင်းတည်ဆောက်ပေးခဲ့သည်။ ဘာသာရေး အနေဖြင့် ဆရာတော် ဆိုတေးရိုဖါးမော၏ ကူညီမှုဖြင့် ၂၈.၃.၂၀၀၇ ခုနှစ်တွင် အုတ်မြစ်စတင်ပြီး ၁၉.၅.၂၀၀၈ ခုနှစ်တွင်ပြီးဆုံးပါသည်။ ဘုရားကျောင်း ရေစက်ချ မင်္ဂလာကို ၁၈.၂.၂၀၀၉ခုနှစ်တွင်ကျင်းပခဲ့ပါသည်။ထို့အပြင်အဖွဲ့အစည်းအသီးသီးမှလည်း ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း၊မူကြိုကျောင်းတည်ဆောက်ခြင်းလုပ်ငန်းနှင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုစတင် လုပ်ဆောင်ပေးခဲ့ပါသည်။ ဒေါ်တနော ကျေးရွာ၏ ရောင်ခြည်ဦး မူကြိုကျောင်းကို ၂၀၀၂ ခုနှစ်တွင် သက် ကယ်မိုး၊ ထရံကာ၊ ပျဉ်ခင်း ဖြင့်စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၇ခုနှစ်တွင် ***UNDP*** အဖွဲ့မှ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်း ဖြင့် လှူဒါန်းတည်ဆောက်ပေးခဲ့ပါသည်။

ဒေါ်တနောကျေးရွာသည်လွိုင်လင်လေးနှင့် ကုန်းဆွတ်ကျေးရွာကြားတွင် တည်ရှိပြီးတောင်ကုန်း များအနီး တွင် တည်ရှိသောကြောင့်လေကောင်းလေသန့်အထူးကောင်းမွန်သည်။ အိမ်ခြေစုစုပေါင်း(၁၀၈) အိမ်ရှိပြီးအများစုအနေဖြင့်ကယန်းလူမျိုးများနေထိုင်လျက်ရှိကြသည်။အခြားလူမျိုးစုအနေဖြင့်ကယား၊ကယော၊ နှင့်ဗမာလူမျိုးများလည်းအနည်းငယ်အတူတကွနေထိုင်လျက်ရှိကြပါသည်။အသက်မွေးဝမ်း ကြောင်း အနေဖြင့် တောင်ယာနှင့် လယ်ယာလုပ်ငန်းကိုသာအဓိက အသက်မွေးလုပ်ကိုင်လျက်ရှိကြပါသည်။

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နော်မူးခိုဝါး


ရာထူး - လူထုစည်းရုံးရေးမှူး

## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ှရေးအရင်းအမြစ်ပြမြေပုံ<br>cial Map/Resource Map | ၂၈.၈.၂၀၁၈ | ရပ်မိရပ်ဖ<br>ကော်မတီဝင်များ | ၃၅ | ၅၁ | ၈၆ | အိမ်အမျိုးအစားများ၊အခြေခံ<br>အဆောက်အဦးများ၊လမ်းပန်း<br>ဆက်သွယ်ရေးအခြေအနေ၊<br>လယ်ယာမြေ၊မြစ်ချောင်း၊<br>ရေတွင်းရေကန်သစ်တောများ |
| ၂ | ဥစ္စာနေကြွယ်ဝမှု<br>အဆင့်သတ်မှတ်ချက်<br>(Wealth Ranking) | ၂၈.၈.၂၀၁၈ | ချမ်းသာ၊<br>အလယ်အလတ်၊<br>နွမ်းပါးအုပ်စု | ၃၅ | ၅၁ | ၈၆ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊<br>ခွဲခြားသတ်မှတ်နိုင်ရေးအတွက်<br>အခြေခံစံနှုန်းများသတ်မှတ်ခြင်း<br>ကျေးရွာသားများနှင့်အများသ<br>ဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၈.၈.၂၀၁၈ | ကော်မတီဝင်၊<br>အမျိုးသမီး၊<br>အမျိုးသားများ | ၃၅ | ၅၁ | ၈၆ | အမျိုးသမီးနှင့် အမျိုးသား<br>များပိုင်ဆိုင် ပြီးထိန်းချုပ်ထား<br>သည့် ပိုင်ဆိုင်မှု(သို့) အရင်းအမြစ်<br>များကိုသုံးသပ်ခြင်း |
| ၄ | ရာသီခွင်ပြက္ခဒိန်<br>Seasonal Calender | ၂၈.၈.၂၀၁၈ | ကော်မတီဝင်၊<br>အမျိုးသမီး၊<br>အမျိုးသားများ | ၃၅ | ၅၁ | ၈၆ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊<br>လယ်ယာလုပ်ငန်းများ၊<br>ဝင်ငွေထွက်ငွေ၊မွေးမြူ<br>ရေးလုပ်ငန်းများ၊ |
| ၅ | ပင့်ကူအိမ်ကွန်ယက်<br>(Spider Web) | ၂၈.၈.၂၀၁၈ | အမျိုးသား၊<br>အမျိုးသမီးများ | ၃၅ | ၅၁ | ၈၆ | အမျိုးသား၊အမျိုးသမီးများ<br>ဘတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိ<br>သည့် အကြောင်းအရင်းများ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ<br>(Venn Diagram) | ၂၈.၈.၂၀၁၈ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအ<br>ဖွဲ့၊အုပ်ချုပ်ရေးအဖွဲ့၊<br>ကျေးရွာစီထောက် အဖွဲ့ | ၃၅ | ၅၁ | ၈၆ | ကျေးရွာတွင်ရှိအဖွဲ့အစည်းများ<br>နှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်<br>ဆောင်ရွက်လုပ်ကိုင်မှု |

## ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း

**မြို့နယ် -လှိုင်ကော်.. ။ကျေးရွာအုပ်စု ပိန်းချစ်..။ကျေးရွာ - ဒေါ်တနော...။ရက်စွဲ ...၂၉.၉.၂၀၁၉...**



**ပါဝင်ဆွေးနွေးသူ** **မှတ်တမ်းတင်သူ**

ကျား -၃၅ဦး

မ -၅၁ဦး

အမည်-ဒေါ်နော်မူးခိုဝါး

ရာထူး-လူထုစည်းရုံးရေးမှူး

# လူမှုရေး အရင်းအမြစ်ပြ မြေပုံ သုံးသပ်ချက်

ဒေါတနောကျေးရွာတွင်အိမ်ခြေစုစုပေါင်း(၁၀၈)ရှိသည်။ထို့အပြင်လူမျိုးစုများအနေဖြင့် ကယား (၈)အိမ်၊ကယော(၇)အိမ်၊နှင့်ကယန်း(၈၅)အိမ်နှင့်လူမျိုးစုရော(၇)အိမ်တို့အတူတကွ နေထိုင်လျက်ရှိကြသည်။ ထိုအထဲမှမသန်စွမ်းသူရှိသည့်အိမ်(၄)အိမ်နှင့်အမျိုးသမီးဦးဆောင်သောအိမ်(၁၅)အိမ်ရှိပါသည်။ ရွာဝန်းကျင်တွင်ကျွန်းတော ခန့်မှန်းဧက (၁၀၀) ကျော်နှင့် လယ် ၊ ယာမြေများဝန်းရံလျက်ရှိပါသည်။ ရွာနှင့် မလှမ်းမကမ်းတွင်ကျောက်တောင်နှင့်သဲသောင်များရှိပြီး သဲမှာအထွက်ပိုကောင်းလျက်ရှိသည်။ ရွာ၏ အနောက်ဖက်(၂)မိုင်ခန့်တွင်တစ်ရွာလုံးအသုံးပြုလျက်ရှိသည့် ရေထွက်ပေါက်တစ်ခုရှိသော်လည်း ယခုအခါ တွင်ရေထွက်အားနည်းလျက်ရှိသည်။၎င်းရေထွက်ပေါက်မှ ရေပိုက်သွယ်တန်းပြီး တစ်ရွာလုံးကို အိမ်တိုင်ရာရောက်ရေဖြန့် ဝေပေးလျက်ရှိပါသည်။

ရွာ၏ဝန်းကျင်တွင်ဘေးမဲ့သစ်တောသစ်တောများရှိပြီးအင်တောနှင့် ကျွန်းတောများလည်း အနည်း ငယ်ရှိသည်။ရွာ၏အရှေ့မြောက်ဖက်တွင်ကျေးရွာဘုရားကျောင်းတည်ရှိသည်။ ကျေးရွာအလယ်တွင် မူလ တန်း စာသင်ကျောင်းနှင့်မူကြိုကျောင်းတို့တည်ရှိပြီးထိုမူကြိုကျောင်းတွင်ကျောင်းသားဦးရေ(၃၀)ရှိပြီး မျက်နှာကျက်မှာ ယိုယွင်းလျက်ရှိသည်။မူကြိုကျောင်းမှာကားလမ်းဘေးတွင်တည်ရှိပြီးကျောင်းခြံစည်းမှာလည်း ဝါးနှင့်သာကာရံထားရပါသည်။ကျေးရွာတွင်ကျောင်းဆရာမနေအိမ်များလည်းရှိပြီးပျဉ်အခင်း၊ထရံ ကာနှင့်သက်ကယ်မိုးဖြင့်သာတည် ဆောက်ထားရပါသည်။

ဒေါတနောကျေးရွာမှ သုသာန်နှင့်လယ်ထဲကိုသွားသော လမ်းတွင်တံတားကို ဖြတ်သွားရသည်။ သို့သော်မိုးရာသီတွင်တံတားမှာပျက်စီးပြီးကားကြီးများလည်းသွားလာရခက်ခဲလျက်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဖက်တွင်တောင်များရှိပြီးအနောက်ဖက်တွင်လယ်ယာများရှိပါသည်။ကျေးရွာမှာကားလမ်းဘေးတွင်တည် ရှိသော်လည်းကျေးရွာတွင်းရှိလမ်းအများစုမှာမြေသားလမ်းများသာဖြစ်ပါသည်။ကျေးရွာတွင် တောင်ယာလုပ်ငန်းကိုအဓိကလုပ်ကိုင်ကြပြီးစိုက်ပျိုးသီးနှံများဖြစ်သည့်ပြောင်း၊မြေပဲ၊စပါး၊ပဲစင်းငုံတို့ကိုအဓိကစိုက်ပျိုးကြသည်။ ထို့အပြင်ကြက်နှင့် ဝက်ကိုလည်းတပိုင်တနိုင်မွေးမြူကြပါသည်။

တိုးတက်ရန်လိုအပ်သောအချက်များ - ကျောက်ချောလမ်း

- စိုက်ပျိုးရေးနည်းပညာသင်တန်း
- ပညာရေးအထောက်အပံ့
- ဆေးပေးခန်း
- အသက်မွေးဝမ်းကြောင်းသင်တန်း
- ရေထွက်ပေါက်ပြုပြင်ခြင်း

# ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

**မြို့နယ် - လှိုင်ကော် ၊ ကျေးရွာအုပ်စု - ပိန်းချစ် ၊ ကျေးရွာ - ဒေါ်တနော ၊  ရက်စွဲ ၂၉.၉.၂၀၁၉**

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | ကား၊ လယ် (၅)ကေအထက်၊ တိုက်အိမ်၊ ယာ(၁၀) ကေအထက်၊ ကိုင်းရှည်၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ ခြွေစက်၊ ပျဉ်အိမ်။ | ၁၂ | ၁၁.၁၁% |
| အလယ်အလတ် | ပျဉ်အိမ်၊ ဆိုင်ကယ်၊ ကိုင်းရှည်၊ ထော်လာဂျီ၊ လယ်(၅)ကေ၊ ယာ(၁၀)ကေအောက်။ | ၆၀ | ၅၅.၅၆% |
| ဆင်းရဲ/နွမ်းပါး | ထရံအိမ်၊ လယ်နှင့်ယာမရှိ၊ ကျပန်းအလုပ်လုပ်ကိုင်ရ။ | ၂၁ | ၁၉.၄၄% |
| အလွန်ဆင်းရဲနွမ်းပါး | ဝါးထရံအိမ်၊ကျပန်း၊  ပိုင်ဆိုင်မှုမရှိ။ | ၁၅ | ၁၃.၈၉% |
| စုစုပေါင်းအိမ်ထောင်စု | | ၁၀၈အိမ် | ၁၀၀% |

**ပါဝင်ဆွေးနွေးသူ**

ကျား- ၃၅ဦး

မ  - ၅၁ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နော်မူးခိုဝါး

ရာထူး - လူထုစည်းရုံးရေးမှူး

# ဉစ္စာဓနကြွယ်ဝမှုဇယား သုံးသပ်ချက်

ဒေါ်တနောကျေးရွာတွင်အိမ်ထောင်စု (၁၀၈) အိမ်ရှိပြီး လူဦးရေ (၅၄၇) ဦးခန့် နေထိုင်ပါသည်။ငင်းကျေးရွာတွင်ဉစ္စာဓနကြွယ်ဝမှုမှာချမ်းသာအဆင့်၊ အလယ်အလတ်အဆင့်နှင့် ဆင်းရဲနွမ်ပါးအဆင့် နှင့် အလွန် ဆင်းရဲနွမ်းပါးသောအဆင့်ဟူ၍ အဆင့်(၄)ဆင့် ရှိပါသည်။












ချမ်းသာအဆင့်သတ်မှတ်ခံရသောအိမ်ခြေစုစုပေါင်း (၁၂) အိမ်ခန့်ရှိပြီးရာခိုင်နှုန်း အားဖြင့် (၁၁.၁၁%)ရှိပါသည်။ငင်းအဆင့်ပိုင်ဆိုင်သောပစ္စည်းများမှာကား၊လယ်(၅)ကေအထက်၊တိုက်အိမ်၊ယာ(၁၀) ကေအထက်၊ကိုင်းရည်၊ဆိုင်ကယ်၊ထော်လာဂျီ၊ခြွေစက်၊ပျဉ်အိမ်များဖြစ်ကြပြီးအများအားဖြင့်တောင်ယာလုပ်ငန်း သာလုပ်ကိုင်ကြ သောသူများ ဖြစ်ပါသည်။

အလယ်အလတ်အဆင့်သတ်မှတ်ခံရသောအိမ်ခြေစုစုပေါင်း (၆၀) အိမ်ခန့်ရှိပြီးရာခိုင်နှုန်းအားဖြင့် (၅၅.၅၆%)ရှိပါသည်။ငင်းအဆင့်ပိုင်ဆိုင်သောပစ္စည်းများမှာပျဉ်အိမ်၊ ဆိုင်ကယ်၊ကိုင်းရည် ၊ထော်လာဂျီ၊လယ်(၅)ကေ၊ယာ (၁၀) ကေအောက်ပိုင်ဆိုင်ကြပြီးတောင်ယာလယ်ယာလုပ်ငန်းသာ လုပ်ကိုင်ကြသောသူ များ ဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးအဆင့်သတ်မှတ်ခံရသော အိမ်ခြေစုစုပေါင်း(၂၁)အိမ်ခန့်ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၁၉.၄၄%)ရှိပါသည်။ငင်းအဆင့်ပိုင်ဆိုင်သောပစ္စည်းများမှာထရံအိမ်၊ လယ်နှင့်ယာမရှိ၊ ကျပန်းအလုပ်လုပ်ကိုင် ရပြီးဆိုင်ကယ်မှာလည်းတချို့သာပိုင်ဆိုင်နိုင်ကြပါ သည်။

အလွန်ဆင်းရဲနွမ်းပါးသောအဆင့်အဖြစ်သတ်မှတ်ခံရသောအိမ်ခြေမှာစုစုပေါင်း(၁၅)အိမ်ရှိပြီး ရာခိုင်နှုန်းအားဖြင့်(၁၃.၈၉%)ရှိပါသည်။ ငင်းအဆင့်ပိုင်ဆိုင်သောပစ္စည်းများမှာ ဝါးထရံအိမ်သာရှိပါသည်။အကြောင်းမှာတနေ့လုပ်တနေ့စားရခြင်းနှင့်အပိုဝင်ငွေများမရှိသောကြောင့်ဖြစ်ပြီးကလေးများကိုလည်းကျောင်းမထားနိုင်ပါ။

# ရာသီခွင်ပြက္ခဒိန်

| အကြောင်းအရာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| စိုက်ပျိုးရေး | ပြောင်းချိုး | | တောင် | ယာရှင်း | ပြောင်း စပါး | မြေပဲ ပဲစင်းငုံ |  | စပါး ပေါင်းလိုက် | လယ်စိုက် |  | ရိတ်သိမ်း | |
| ဝင်ငွေ($)/ထွက်ငွေ(#) | # | # | # | # | ### | ### | ### | # | # | $$ # | $$$ # | $$$ # |
| ကျန်းမာရေး | | ဝမ်းပျက် | ဝမ်းပျက် | | | ငှက်ဖျား | တုတ်ကွေး | ဝမ်းပျက် | | | တုတ်ကွေး အအေးမိ | တုတ်ကွေး အအေးမိ |
| ပွဲလမ်းသဘင် | | | | Easter Sunday | | | | | | | သချိုင်းပွဲ | Christmas |
| သောက်သုံးရေရှိမှု | | | တနှစ် | ပတ်လုံး | အနည်း | ငယ်ရေ | လုံ | လောက် | မှုရှိသည် | | | |
| အစားအစာဖူလုံမှု | | | | | စားဝတ် | နေရေး | ခက်ခဲ | သည့်လ | | | | |

ပါဝင်ဆွေးနွေးသူ

ကျား - ၃၅ဦး

မ - ၅၁ဦး

မှတ်တမ်းတင်သူ

အမည် - ဒေါ်နော်မူးခိုဝါး

ရာထူး-လူထုစည်းရုံးရေးမှူး

# ရာသီစွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ဒေါတနော ကျေးရွာသည် တောင်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး တောင်ယာ လုပ်ငန်းတွင်အဓိကစိုက်ပျိုးသောသီးနှံများမှာ စပါး၊ ပြောင်း၊ ပဲစဉ်း ငုံ၊နှင့် မြေပဲတို့ ဖြစ်ပါသည်။ ဒေါတနော ကျေးရွာသည် ရာသီဥတုအခြေအနေအရရာသီဥတုဖောက်ပြန်မှုကြောင့်သီနှံအထွက်နှုန်းနည်းပါးပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများကိုတစ်နှစ်ပတ်လုံးလုပ်ကိုင်ကြပါသည်။ ဤတောင်ယာလုပ်ငန်းများကို ဒေါတနောကျေးရွာရှိ ကျေးရွာ သူ၊ ကျေးရွာသား အားလုံးနီးပါးလုပ်ကိုင်ကြပါသည်။ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုမှာ (၄)အိမ် ရှိပြီး ၎င်းလုပ်ငန်းကိုပဲ လုပ်ကိုင်ကြပါသည်။

ကျန်းမာရေးအနေဖြင်ဖေဖော်ဝါရီနှင့်မတ်လတွင်တုတ်ကွေး၊ဝမ်းပျက်ဝမ်းလျော၊ဇွန်နှင့်ဇူလိုင်လတွင်ငှက်ဖျားနှင့်တုတ်ကွေးအဖြစ်များပြီးနိုဝင်ဘာနှင့်ဒီဇင်ဘာတွင် နှာစေးချောင်းဆိုးနှင့်တုတ်ကွေး အဖြစ်များသည်။ ပွဲလမ်းသဘင်အနေဖြင့် ဧပြီလတွင် Easter Sunday ၊ နိုဝင်ဘာလတွင် သချိုင်းပွဲ နှင့် ဒီဇင်ဘာလတွင် Christmas ပွဲတို့ရှိပါသည်။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကျေးရွာအတွင်းရှိလမ်းများသည် မြေသားလမ်း များဖြစ်နေ၍ မိုးရာသီတွင်သွားလာရခက်ခဲပါသည်။လုပ်ငန်းအားလပ်ချိန်မှာဖေဖော်ဝါရီလ၊မတ်လနှင့်ဒီဇင်ဘာလတို့ဖြစ်ပါသည်။

တစ်နှစ်ပတ်လုံးသောက်သုံးရေအနည်းငယ်လုံလောက်မှုရှိပါသည်။မေ၊ဇွန်၊ဇူလိုင်၊ဩဂုတ်တို့တွင် အစားအစာဖူလုံမှု အနည်းငယ်အခက်အခဲ ရှိပါသည်။

ဝင်ငွေများအနေဖြင့်အောက်တိုဘာ၊နိုဝင်ဘာ၊ဒီဇင်ဘာလများတွင်သီးနှံများရိတ်သိမ်းပြီး ရောင်းချချိန်ဖြစ်၍ဝင်ငွေများသောကာလဖြစ်သည်။ ထွက်ငွေအနေဖြင့်သီးနှံစိုက်ပျိုးသောအချိန်တွင် အများဆုံးငွေကြေးကုန်ကျလျက်ရှိပြီး ကျန်အချိန်များမှာလည်း အနည်းငယ် ကုန်ကျလျက်ရှိပါသည်။

# အရင်းအမြစ်သုံးစွဲမှုဇယား

| အမျိုးသား | အမျိုးသမီး | အမျိုးသား + အမျိုးသမီး |
|---|---|---|
| ကား<br>ထော်လာဂျီ<br>ကိုင်းရှည်<br>ဘောလုံးကွင်း<br>ကျောက် / သဲတောင် | အိမ်မှုကိစ္စ<br>အိမ်ဆိုင်<br>အပ်ချုပ်ဆိုင် | ဘုရားကျောင်း<br>ဆိုင်ကယ်<br>သချိုင်း<br>တံတား<br>လမ်း<br>စာသင်ကျောင်း<br>ဓမ္မာရုံ<br>ရေလှောင်ကန်<br>ရေထွက်ပေါက်<br>လယ် / ယာ<br>မူကြိုကျောင်း<br>ဖုန်း<br>အိမ်<br>ငွေသုံးစွဲမှု |

**ပါဝင်ဆွေးနွေးသူ**

ကျား - ၃၅ဦး

မ - ၅၁ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နော်မူးခိုဝါး

ရာထူး - လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်ထိန်းချုပ်မှုပုံစံပြဇယား

| အမျိုးသား | အမျိုးသမီး | အမျိုးသား + အမျိုးသမီး |
|---|---|---|
| ကား<br>ထော်လာဂျီ<br>ကိုင်းရှည်<br>ဘောလုံးကွင်း<br>ကျောက် / သဲတောင်<br>ရေထွက်ပေါက်<br>ရေလှောင်ကန်<br>ဘုရားကျောင်း | အိမ်မှုကိစ္စ<br>အိမ်ဆိုင်<br>အပ်ချုပ်ဆိုင် | စာသင်ကျောင်း<br>ဘုရားကျောင်း<br>အိမ်<br>ဆိုင်ကယ်<br>တံတား<br>ဖုန်း<br>မူကြိုကျောင်း<br>လမ်း<br>ဓမ္မာရုံ<br>လယ် / ယာ |

**ပါဝင်ဆွေးနွေးသူ**

ကျား - ၃၅ဦး

မ - ၅၁ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နော်မူးခိုဝါး

ရာထူး - လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်ထိန်းချုပ်မှုပုံစံဇယား သုံးသပ်ချက်


ဒေါ်တနောကျေးရွာရှိအရင်းအမြစ်များမှာ အများအားဖြင့်ကျား/ မတန်းတူသုံးစွဲလေ့ရှိပါသည်။ ထိန်းချုပ်မှုနှင့်ပက်သက်၍အမျိုးသမီးများထက်အမျိုးသားများမှာပို၍ထိန်းချုပ်ကြပါသည်။ ရေထွက်ပေါက်၊ ရေလှောင်ကန်၊ဘုန်းကြီးကျောင်း၊သင်္ချိုင်းတို့သည်အမျိုးသားနှင့်အမျိုးသမီးတန်းတူသုံးစွဲ၍ အမျိုးသား များကထိန်းချုပ်ရပါသည်။အကြောင်းရင်းမှာအမျိုးသားများသည်ပြုပြင်တည်ဆောက်တတ်ခြင်း၊ခွန်အားသန်မာခြင်း၊ အာဏာပို၍ရှိသောကြောင့်ဖြစ်ပါသည်။

အမျိုးသမီးများသည်အပ်ချုပ်စက်၊နှင့်အိမ်တွင်းပစ္စည်းများကိုမိသားစုအတွက်အသုံးပြုပြီးပြန်လည် ထိန်းချုပ်ခဲ့ပါသည်။ထို့အပြင်သားသမီးများကိုပါထိန်းချုပ်လမ်းညွှန်ပေးတတ်ပါသည်။ယခုအခါ အမျိုးသမီး များမှာအမျိုးသားများနှင့်ရင်ဘောင်တန်းနိုင်ပြီးဖြစ်ပါသည်။ ကျေးရွာတွင်းရှိဖွဲ့ထားသောကျောင်းကော်မတီ၊ ကျန်းမာရေးကော်မတီများတွင်လည်းအမျိုးသမီးများမှာ ၅၀% ခန့်ပါဝင်လာကြောင်းတွေ့ရှိရပါသည်။

အရင်းအမြစ်ထိန်းချုပ်မှုအနေဖြင့် အမျိုးသားများထိန်းချုပ်သော အရင်းအမြစ်များမှာ ကား၊ ထော်လာဂျီ၊ ကိုင်းရှည်၊ ဘောလုံးကွင်း၊ ကျောက်တောင်၊ သဲတောင်၊ ရေထွက်ပေါက်၊ ရေလှောင်ကန်နှင့် ဘုရားကျောင်းတို့ဖြစ်ကြပြီးအမျိုးသမီးများထိန်းချုပ်သောအရင်းမြစ်များမှာအိမ်မှုကိစ္စ ၊ အိမ်ဆိုင်နှင့် အပ်ချုပ်ဆိုင်တို ဖြစ်ကြပါသည်။ အမျိုးသားနှင့်အမျိုးသမီး အတူထိန်းချုပ်ကြသော အရင်းမြစ်များမှာ စာသင်ကျောင်း၊ ဘုရားကျောင်း၊ အိမ်၊ ဆိုင်ကယ်၊ တံတား၊ ဖုန်း၊ မူကြိုကျောင်း၊ လမ်း၊ ဓမ္မာရုံနှင့် လယ်/ ယာတို့ဖြစ်ကြပါသည်။

ကျန်းမာရေးဆိုင်ရာလုပ်ငန်းတွင်လည်း အမျိုးသားများထက်အမျိုးသမီးများပါဝင်လာကြောင်းနှင့် အိမ်မှုကိစ္စများတွင်လည်းအမျိုးသားများထက်အမျိုးသမီးများမှာပိုမိုလုပ်ဆောင်နေကြောင်းကိုလည်းတွေ့ရှိရပါသည်။ ထို့အပြင်စီးပွားရေးလောကတွင်လည်းအမျိုးသမီးများမှာထိုးဖောက်ဝင်လာနိုင်ကြောင်း၊နှင့် ကျန်းမာရေးဝန်းထမ်းနှင့်ပညာရေးဝန်ထမ်းများတွင်လည်း အမျိုးသမီးများမှာပို၍ များပြားလာကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့်အမျိုးသားနှင့်အမျိုးသမီးဟူ၍ သူ့နေရာနှင့်သူအသုံးဝင်ထိန်းချုပ်တတ်ကြကြောင်းတွေ့ရ ပါသည်။

# ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ




ပါဝင်ဆွေးနွေးသူ

ကျား - ၃၅ဦး

မ -၅၁ဦး

မှတ်တမ်းတင်သူ

အမည် -ဒေါ်နော်မူးခိုဝါး

ရာထူး -လူထုစည်းရုံးရေးမှူး


# ပင့်ကူအိမ် သုံးသပ်ချက်

ပညာရေးတွင်အမျိုးသမီးများမှာအမျိုးသားများထက်ပို၍ပညာသင်ယူလိုစိတ်ရှိသည်။ မိဘများမှာပညာသင်ကြားခွင့်တန်းတူပေးထားသော်လည်းအမျိုးသားများကလက်ရှိဘေးပတ်ဝန်းကျင်ကိုသာအားကျခြင်း၊အချိန်တန်အသက်မွေးရန်အတွက်မိဘများထံမှလယ်ယာမြေရှိမှုမျှော်ကိုးခြင်း၊လတ်တလောလိုအပ်မှုဖြည့်စွက်လိုစိတ်ဖြင့် အပြင်ငွေထွက်ရှာခြင်းကြောင့်ပညာရေးစိတ်ဝင်စားမှု နည်းပါးခြင်းဖြစ်ပါသည်။ အမျိုးသမီးများသည်အမွေမရရှိသော်လည်း ပညာရေးဖြင့်အသက်မွေးမှုရှိကြပါသည်။ ယခုအခါမိဘတိုင်းသည်သားသမီးများပညာရေးဆုံးခန်းတိုင်သင်ကြားရန်အတွက်နေ့စဉ်ဆုံးမသွန်သင်မြဲဖြစ်ပါသည်။ အကြောင်းရင်းမှာဥစ္စာအမွေမဝေပေးနိုင်သောကြောင့်ဖြစ်ပါသည်။မိဘများကပညာအမွေသာပေးနိုင်သဖြင့်ပညာကိုသာဆုံးခန်းတိုင်သင်ယူနိုင်မှ လူမျိုးမြင့်နိုင်မည့်အကြောင်းလဲ သိမြင်လာသောကြောင့်ဖြစ်ပါသည်။

ဒေါတနောကျေးရွာ၏ဝင်ငွေရရှိရေးတွင် အမျိုးသမီးများမှာအမျိုးသားများထက်ဝင်ငွေရရှိမှုနည်းပါးပါသည်။အကြောင်းမှာအမျိုးသမီးများမှာအိမ်မှုကိစ္စများနှင့်မိသားစုစားဝတ်နေရေး၊ကလေးများ၏ပညာရေးများစသောအိမ်တွင်းအလုပ်များမှရုန်းမထွက်နိုင်သောကြောင့်ဖြစ်ပါသည်။ အလုပ်ကိုင်များတွင်လည်းလုပ်ရခြင်းမှာအတူတူပင်ဖြစ်သော်လည်းအများအားဖြင့်လုပ်ငန်းရှင်များမှာအမျိုးသားကိုသာဦးစားပေး ငှားရမ်းတတ်သောကြောင့်အမျိုးသားများမှာဝင်ငွေပိုမိုရရှိခြင်းဖြစ်ပါသည်။ အမျိုးသားများမှာအမွေရပိုင်ခွင့်ပိုမိုရရှိသောကြောင့်လုပ်ပိုင်ခွင့်လည်းပိုမိုရရှိပါသည်။ဖြစ်ပေါ်လာသောမိသားစုစားဝတ်နေရေးကိစ္စ၊မျိုးနွယ်စုကိစ္စရပ်တို့သည်အမျိုးသမီးများထက် အမျိုးသားများကပိုမိုဆုံးဖြတ်ခွင့်ရရှိပါသည်။

ဝင်ငွေရရှိရေးတွင်အမျိုးသမီးသမီးများထက်အမျိုးသားများကပိုမိုဦးဆောင်နိုင်သည်။ရိုးရာဓလေ့အရအမျိုးသားများမှာအမျိုးသမီးများထက်အမွေရပိုင်ခွင့်လည်းရှိသည်။စီးပွားရေးလုပ်ငန်းတွင်အမျိုးသားများမှာပိုမိုဦးဆောင်နိုင်သည်ဟုထင်ရသော်လည်း အိမ်ရှိအမျိုးသမီးများ၏ အကြံညာဏ်ပေးမှုကြောင့်လည်းပိုမိုအောင်မြင်ခြင်းဖြစ်ပါသည်။

## အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




**ပါဝင်ဆွေးနွေးသူ**

ကျား - ၃၅ဦး

မ - ၅၁ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နော်မူးခိုဝါး

ရာထူး - လူထုစည်းရုံးရေးမှူး

# ဗင်းပုံစံ သုံးသပ်ချက်

ဒေါ်တနောကျေးရွာ၏ ရွာတွင်းရှိ အဖွဲ့အစည်းအနေဖြင့် အုပ်ချုပ်ရေးမှူး၊ လူငယ်အဖွဲ့၊ ကျန်းမာရေးအဖွဲ့ ၊ ဘာသာရေးအဖွဲ့၊ မယ်တော်သမီးအဖွဲ့၊ ရိုးရာဗုံပလွေအဖွဲ့၊ CA အသင်း၊ စိတ်တူကိုယ်တူအဖွဲ့တို့ဖြစ်သည်။ ကျေးရွာတွင်အုပ်ချုပ်ရေးမှူးသည် ကျေးရွာတွင်း အဖွဲ့အစည်းများ နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အဓိကဦးဆောင်သူဖြစ်သည်။လူငယ်အဖွဲ့သည်ကျေးရွာအတွင်းရှိသာရေး၊ နာရေးကိစ္စတွင်မကကိစ္စအားလုံးမှန်သမျှကို ပါဝင်ရသောအဖွဲ့ ဖြစ်သည်။

ကျန်းမာရေးအဖွဲ့သည်ကျေးလက်ကျန်းမာရေးနှင့်ချိတ်ဆက်ပြီး ကျေးရွာအတွင်းရှိကလေးများနှင့်နာမကျန်းသူများအတွက် လိုအပ်သောဆေးဝါးများကို ပြောပြပြီးကျန်းမာရေးအသိပညာဟောပြော ပွဲအတွက်ဦးဆောင်မှုပေးသည့်အပြင်လူနာများကိုလွှဲပြောင်းရာတွင်လည်းကူညီလွှဲ ပြောင်းပေးသည်။ လူငယ်အဖွဲ့နှင့်ရိုးရာဗုံပလွေအဖွဲ့တို့သည်ကျေးရွာတွင်းရှိသာရေးနာရေးကိစ္စများတွင်အထူးပါဝင်လုပ်ရှားပေးသောအဖွဲ့ဖြစ်ပါသည်။

ဒေါ်တနောကျေးရွာ နှင့်ချိတ်ဆက်သောကျေးရွာပြင်ပအဖွဲ့အစည်းများမှာ ဝေါလ်ဗွီရှင်း၊ ***UNDP၊Save the Children*** ၊ကျေးလက်ဦးစီးဌာန၊ သမဝါယမ၊ အမျိုးသမီးရေးရာအဖွဲ့၊ နတလအဖွဲ့နှင့်လူထုဗဟိုပြုစီမံကိန်းအဖွဲ့တို့ဖြစ်ကြပါသည်။ဝေါလ်ဗွီရှင်းအဖွဲ့သည်ငှက်ဖျားနှင့်တီဘီရောဂါပိုးကိုစစ် ဆေးပေးပြီးဆေးစိမ်ခြင်ထောင်ကို ထောက်ပံ့ပေးကာကျန်းမာရေးအကြောင်း ဟောပြောခဲ့ပါသည်။အမျိုးသမီး ရေးရာအဖွဲ့သည်အမျိုးသမီးများကို အကြမ်းမဖက်ရန်အတွက်သင်တန်းပေးခြင်း၊ ***SavetheChildren***အဖွဲ့သည်(၅)နှစ်အောက်ကလေးနှင့်ကိုယ်ဝန်ဆောင်မိခင်များ၏ကျန်းမာရေးအတွက်လုပ်ဆောင်ခြင်းနှင့် ကျန်းမာရေးနှင့် ပက်သက်ပြီးလည်းအမျိုးသား၊အမျိုးသမီးမခွဲခြားပဲလုပ်ဆောင်ပေးခြင်းနှင့် ***UNDP*** အဖွဲ့သည်ရေ၊လမ်း၊ တံတားနှင့်ကိုယ်ထူကိုယ်ထအဖွဲ့ကို ထောက်ပံ့ပေးသည်။

နတလအဖွဲ့သည်၂၀၁၈ခုနှစ်တွင် ကျေးရွာနှင့်တောင်ယာ၊ ကျေးရွာသချိုင်းသို့သွားသောကျောက်ချောလမ်းကိုခင်းပေးခဲ့ပါသည်။၂၀၁၇ခုနှစ်တွင်လူထုဗဟိုပြုစီမံကိန်းမှကျေးရွာ၏လိုအပ်ချက်အရရန်ပုံငွေထောက်ပံ့ပေးပြီး ကျေးရွာလူထုနှင့်ပူးပေါင်းကာစာသင်ကျောင်းကို တိုးချဲ့ပေးခဲ့ပါ သည်။ ၂၀၁၉ခုနှစ်တွင်လည်းကျေးရွာလူထု၏တောင်းဆိုမှုနှင့် လိုအပ်ချက်အရ အစည်းအဝေးနှင့်ပွဲလမ်းသင်များပြုလုပ်ရန်ခန်းမဆောင်အားတည်ဆောက်ပေးခဲ့ပါသည်။

# ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာစီထောက်ကော်မတီဥက္ကဌ**

၁။ ဦးဖရန်စစ်

၂။ ဒေါ်အန်းဂျေလာ

**စောင့်ကြည့်ကြပ်ရေးကော်မတီ**

၁။ ဦးတိုမားစို

၂။ ဒေါ်ထရေးဇာ

**လည်ပတ်ထိန်းသိမ်းရေးကော်မတီ**

၁။ ဦးမာတီးယာ

၂။ ဒေါ်မငယ်

**ဝယ်ယူရေးကော်မတီ**

၁။ ဦးဘောစကို

၂။ ဒေါ်မာတီးနာ

**ကျေးရွာစေတနာ့ဝန်ထမ်း**

၁။ ဦးသန်းဆောင်း

၂။ ဒေါ်လွီးဇာ

၃။ ဒေါ်မာဂရီးတာပို

**ဝေဖန်အကြံပြုတိုင်ကြားချက်**
**ဖြေရှင်းရေးအဖွဲ့**

၁။ ဦးမော်ရယ်

၂။ ဒေါ်လှဲ့လှဲ့ဝင်း

**ငွေစာရင်းကိုင်**

၁။ ဦးထွန်းစိန်

**ပါဝင်ဆွေးနွေးသူ**

ကျား- ၃၅ဦး

မ - ၅၁ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နော်မူးခိုဝါး

ရာထူး-လူထုစည်းရုံးရေးမှူး

# ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား

## ကျေးရွာအုပ်စုစီထောက်ကော်မတီဥက္ကဌ

၁။ ဦးဖရန်စစ်

၂။ ဒေါ်မလေး

## ဘဏ္ဍာရေးဆပ်ကော်မတီ

### ဥက္ကဌ

၁။ ဦးထွန်းဦး

### စာရင်းကိုင်

၁။ ဒေါ်နော်နီသောမြင့်

### အဖွဲ့ဝင် (ငွေထိန်း)

၁။ ဦးမောင်ရွှေ

## အုပ်စုကော်မတီအဖွဲ့ဝင်များ

၁။ ဦးသာစေး

၂။ဒေါ်ချယ်ရီစိန်

၃။ ဒေါ်မိငယ်

၄။ ဦးခွန်ကျော်လွန်း

၅။ ဒေါ်နန်းငဲ

၆။ ဦးအုန်းမောင်

၇။ ဦးမောင်ကျောက်

၈။ ဒေါ်မြင့်မြင့်သိန်း

၉။ ဒေါ်အန်းဂျေလာ

၁၀။ ဦးသန်းငွေး

၁၁။ ဦးအောင်မြင်

၁၂။ ဒေါ်မူနန့်

၁၃။ ဒေါ်စန်းစန်းမော်

၁၄။ ဦးဆန်းတြို

၁၅။ ဒေါ်ဂျူဝါးနာ

၁၆။ ဒေါ်ကြာ

၁၇။ ဦးစောပို

၁၈။ ဒေါ်အေးမြင့်

၁၉။ ဦးလုစိုး

၂၀။ ဦးအာပြား

**ပါဝင်ဆွေးနွေးသူ**

ကျား-၃၅ဦး

မ- ၅၁ဦး

**မှတ်တမ်းတင်သူ**

အမည်  - ဒေါ်နော်မူးခိုဝါး

ရာထူး -လူထုစည်းရုံးရေးမှူး

# ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် | |
|---|---|---|---|
| ဦးအန်းဂျေရာဆို | 09-422880543 | ဒေါ်နော်မူးခူဝါး | |
| ပြည်နယ်၊တိုင်းဒေသကြီး ၊ မြို့နယ် | | ကျေးရွာအုပ်စု | ကျေးရွာ |
| ကယားပြည်နယ် ၊ လွိုင်ကော်မြို့နယ် | | ပိန်းချစ် | ဒေါ်တခဲနော |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)---ကယား | 8 | ဘာသာ(၁)ခရစ်ယာန် | 104 |
| လူမျိုးစု (၂)---ကယန်း | 85 | ဘာသာ(၂)--ဗုဒ္ဓ----- | 4 |
| လူမျိုးစု (၃)---ကယော / ရှမ်း | 7 | ဘာသာ(၃)------------ | |
| [illegible] | 7 | | |
| လူမျိုးစုရော-------------- | | ဘာသာရော------------ | |
| အခြား | | | |

| | |
|---|---|
| | အရေအတွက် |
| မသန်စွမ်းသူများ | ကျား - 2 ဦး<br>မ - 2 ဦး<br>စုစုပေါင်း - 4 ဦး |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 5 ဦး |
| စစ်ဘေးရှောင် | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | 284 ဦး | 271 ဦး | 555 ဦး |
| လူမျိုးစု (၁)--ကယန်း | 243 ဦး | 243 ဦး | 486 ဦး |
| လူမျိုးစု (၂)--ကယား | 13 ဦး | 12 ဦး | 25 ဦး |
| လူမျိုးစု (၃)ကယော / ရှမ်း | 8 ဦး | 9 ဦး | 18 ဦး |
| အခြား [illegible] | 19 ဦး | 7 ဦး | 26 ဦး |
| အိမ်ထောင်ဦးစီး | 93 | 15 | 108 |

အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

**(ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက် ကျန်းမာရေးမှူး | ☐ | ☑ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☑ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　ကတ္တရာလမ်း　ကွန်ကရစ်လမ်း　မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း　မြေသားလမ်း　လူသွားလမ်း　အခြား ______________

ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ပိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်-2007/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှဌင်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ဌင်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်-၀၀း၃၀ မိနစ်ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား -------------------

မိုးရာသီတွင်ကြာချိန်-၀၀း၃၀ မိနစ်-------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား -------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ---------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -----UWDP-----------------

(၂) -----World vision

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် — အမည် [illegible]

လက်မှတ် — နေ့စွဲ 29.9.2019

လူထုစည်းရုံးရေးမှူး — အမည် [illegible]

လက်မှတ် — နေ့စွဲ 29.9.2019

## ပုံစံ - စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကိုဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် - ဒေါ်နေဘ်ရှူးခိုဝါ | | | |
| နေ့စွဲ 29.9.2019 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☑ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း<br>ကယား | မြို့နယ်<br>လွိုင်ကော် | ကျေးရွာအုပ်စု<br>ဟိန်းချစ် | ကျေးရွာ<br>ဒေါ်တနော |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက်နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 29.9.19 | 29.9.19 | 35ဦး | 51ဦး | 86ဦး | ကယား 4ဦး<br>ကယော 3ဦး<br>ကယန်း 79ဦး | 86ဦး | 79.63% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစည်းအဝေး | 29.9.19 | 29.9.19 | 35ဦး | 51ဦး | 86ဦး | ကယား 4ဦး<br>ကယော 3ဦး<br>ကယန်း 79ဦး | 86ဦး | 79.63% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံး ဖြတ်ချက်ချသည့်အစည်းအဝေး | 1.11.19 | 1.11.19 | 26ဦး | 21ဦး | 47ဦး | - - | 47ဦး | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်းသုံးသပ်မှုအစည်းအဝေး | 11.12.19 | 11.12.19 | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့်အကောင်အထည်ဖေါ်ရေးကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့်အစည်းအဝေး | | | | | | | | |



| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| [illegible]။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | မလို | မလို |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| <br> \| | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| | | |
| ၆.၃။ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | \| | | |
| ၆.၄။ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | \| | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | မလို | မလို |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | \| | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | \| | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | \| | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | \| | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | \| | | |

# ပထမနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်*၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးခွန်တင်မောင်သိန်းအောင် | | | |
| နေ့စွဲ 29/11/2017 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု လွိုင်လင်လေး | ကျေးရွာ ဒေါ်တာနော |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မိုးရာသီတွင် သွားလာရ ခက်ခဲခြင်း | ၁ | လမ်း သွားလာရ ခက်ခဲခြင်း၊ |
| ၂ | ကျောင်း ခြံစည်းရိုး ကာရံမှု မရှိခြင်း၊ | ၂ | ကျောင်းဆောင်ပေါင်းများ စာသင်နေရာ ကလေး နှင့်ဆရာမများ အတွက်လုံခြုံမှု မရှိခြင်း |
| ၃ | ရေထွက်ပေါက်တွင် နွံ့မြေ/သစ်မြစ်များ ပိတ်လာခြင်း၊ | ၃ | ဆေးပေး ခန်း မရှိခြင်း |
| ၄ | တံတားများ လုံခြုံစိတ်ချမှု မရှိခြင်း | ၄ | ကျောင်း ခြံစည်းရိုး မရံခြင်း |
| ၅ | ကျောင်းဆောင်ပေါင်းများ စာသင်နေရာ ကလေးနှင့် ဆရာမများအတွက် လုံခြုံမှု မရှိခြင်း - | ၅ | စိုက်ပျိုးရေး ဗဟုသုတ နည်းပါးခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျောက်ချောလမ်း ဖြစ်ရမည် | ၁ | လမ်းကောင်းမွန် ရမည် |
| ၂ | ကျောင်းခြံစည်းရိုး ရှိမည် | ၂ | ကလေးနှင့် ဆရာမများ အတွက် စာသင်ခန်းအဆောင် လုံခြုံမှု ရှိရမည် |
| ၃ | လုံခြုံတဲ့ ရေထွက်ပေါက် ဖြစ်ရမည် | ၃ | ဆေးပေးခန်း ရှိရမည် |
| ၄ | အုတ်ခုံ တံတား ရှိလာရမည် | ၄ | ကျောင်း ခြံစည်းရိုး ကောင်းမွန် ရမည် |
| ၅ | ကလေးနှင့် ဆရာမများအတွက် စာသင်ခန်းဆောင် လုံခြုံမှု ရှိရမည် | ၅ | စိုက်ပျိုးရေး ဗဟုသုတ များရမည် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | လမ်း | က+မ | | 532 ဦး |
| ၂ | ခြံစည်းရိုး | က+မ | | 532 ဦး |
| ၃ | ရေထွက်ပေါက်ပြုပြင် | က | | 4936 ဦး (ဒေါ်တာနော + လွိုင်လင်လေး) |
| ၄ | စာသင်ကျောင်း အဆောင် တိုးချဲ့ခြင်း | က+မ | | 532 ဦး |
| ၅ | တံတား ပြုပြင် | က | | 532 ဦး |


ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) **နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား**ဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဆေးပေးခန်း | ၃ + ၆ | |
| ၂ | ပညာရေး အထောက်အပံ့ | ၆ | |
| ၃ | စိုက်ပျိုးရေး | ၆ | |
| ၄ | အလယ်တန်း တိုးချဲ့ | ၆ | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး ဖရန် စင် လက်မှတ် ............ နေ့စွဲ 29.1.2017

# ဒုတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်



ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | [illegible] | | |
| နေ့စွဲ ၂၀.၁၀.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) √ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မိုးရာသီအချိန်တွင် ရွာတွင်းလမ်း သွားလာရခက်ခဲခြင်း။ | ၁ | ရွာတွင်းလမ်း သွားလာရတာ ခက်ခဲခြင်း။ |
| ၂ | စာသင်ကျောင်းနှင့် မူကြိုကျောင်း ခြံစည်းရိုး လုံခြုံမှု မရှိခြင်း။ | ၂ | စာသင်ကျောင်းနှင့် မူကြိုကျောင်း ခြံစည်းရိုး [illegible] မလုံခြုံခြင်း။ |
| ၃ | မိုးရာသီချိန်တွင် ရေထွက်ပေါက်နှင့် မြောင်း/သစ်မြစ်များ ပိတ်ဆို့လာခြင်းကြောင့် ရေစီးဆင်းမှု နှောင့်နှေးလာခြင်း။ | ၃ | ကျေးရွာတွင် အစည်းအဝေးပြုလုပ်ရန်နေရာ ခက်ခဲခြင်း။ |
| ၄ | တောင်ကျရေကြောင့် ရွာမြင်တံတား သွားလာရခက်ခဲပြီး လုံခြုံမှုလည်း မရှိခြင်း။ | ၄ | ရွာတွင်း အရေးပေါ် လူနာများအတွက် ဆေးပေးခန်း မရှိခြင်း။ |
| ၅ | ကျေးရွာတွင် အစည်းအဝေးပြုလုပ်ရန်နေရာ ခက်ခဲခြင်း။ | ၅ | စိုက်ပျိုးရေး နည်းပညာ အားနည်းသည့်အတွက် တောင်/ယာ သီးနှံများ အထွက်နည်း ရခြင်း။ |
| ၆ | ဆေးပေးခန်း မရှိသည့်အတွက် လူနာများ အချိန်မီ မကုသနိုင်ခြင်း။ | ၆ | စားဝတ်နေရေး ခက်ခဲခြင်းကြောင့် ကလေးများ ပညာရေးအတွက် ကောင်းစွာ မထောက်ပံ့နိုင်ခြင်း။ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရွာတွင်း သွားလာရ အဆင်ပြေစေမည့် ကျောက်ချောလမ်း ဖြစ်ရမည်။ | ၁ | ရွာတွင်း သွားလာရ အဆင်ပြေစေမည့် ကျောက်ချောလမ်း ဖြစ်ရမည်။ |
| ၂ | စာသင်/မူကြိုကျောင်း နှင့် ဆရာ/မ ကလေးများအတွက် လုံခြုံစိတ်ချရတဲ့ ခြံစည်းရိုး ရှိလာရမည်။ | ၂ | စာသင်/မူကြိုကျောင်းနှင့် ဆရာ/မ ကလေးများအတွက် လုံခြုံစိတ်ချရတဲ့ ကျောင်းခြံစည်းရိုး ရှိလာရမည်။ |
| ၃ | မြောင်း/သစ်မြစ်များ မရှိလာစေဖို့အတွက် [illegible] အဆောက်အဦ ရှိလာရမည်။ | ၃ | ရပ်ရွာအကျိုးအတွက် အစည်းအဝေး ပြုလုပ်ရန် ခန်းမဆောင် တစ်ဆောင် ရှိလာရမည်။ |
| ၄ | တောင်ကျရေ ဒဏ်ခံနိုင်သည့် ကွန်ကရစ်တံတားကြီး ဖြစ်လာရမည်။ | ၄ | ကျန်းမာရေး ဝန်ဆောင်မှု ပိုမိုရရှိရန် ဆေးပေးခန်း ရှိလာရမည်။ |
| ၅ | ကျေးရွာအတွင်း အစည်းအဝေး ပြုလုပ်ရန်အတွက် ကျယ်ဝန်းသည့် ခန်းမဆောင် ရှိရမည်။ | ၅ | ကောင်းမွန်သည့် စိုက်ပျိုးရေး နည်းပညာကြောင့် သီးနှံများ အထွက်တိုး ပိုလာပြီး [illegible] နေရေးထိုင်ရေး ပိုမို အဆင်ပြေလာစေရမည်။ |
| ၆ | ဆေးပေးခန်း ရှိလာရမည်။ | | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ခန်းမဆောင် | ကျား + မ | 17,500,000/- | 535 |
| ၂ | ကျောက်ချောလမ်း | ကျား + မ | 15,000,000/- | 535 |
| ၃ | တာ/မြောင်း ကျောက်ဖြင့်ရိုးပြုပြင်ခြင်း | ကျား + မ | 14,300,000/- | 535 |
| ၄ | ရေထွက်ပေါက်ပြုပြင်ခြင်း | ကျား | 6,000,000/- | 535 |
| ၅ | တံတား ပြုပြင်ခြင်း | ကျား | 2,000,000/- | 535 |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဆေးပေးခန်း | ကျား + မ | |
| ၂ | ပညာရေး ခရီးထောက်ပံ့ | မ | |
| ၃ | စိုက်ပျိုးရေး နည်းပညာ သင်တန်း | မ | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---[illegible]--- လက်မှတ် ---[signature]--- နေ့စွဲ ---၂၀.၁၀.၂၀၁၇---

# တတိယနှစ်စက်ဝန်း၊ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နော်ရှူးစိုဝါး |

| နေ့စွဲ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) |
|---|---|
| 25.7.2018 | □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) |

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား | ဒီးမော့ဆို | ဒိုးချိ | ဒေါ်တကူ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း -

ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များ ဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|
| ၁။ | မိုးရာသီတွင် ရွာတွင်း၌ရှိ လမ်းများသွားလာရခက်ခဲခြင်း | □ ကျား □မ ☑ ကျား+ မ |
| ၂။ | မိုးရာသီတွင်းရေထွက်ပေါက် ဒိုနှိုးမြေနှင့်သစ်ပင်များ ပိတ်ဆို့ခြင်းကြောင့်ရေစီးအား ပျော့လာခြင်း | ☑ ကျား □မ □ ကျား+ မ |
| ၃။ | မိုးရာသီတွင် တောင်ကျရေကြောင့် ရွာပြင်တံတားများ သွားလာရခက်ခဲပြီး လုံခြုံမှုမရှိခြင်း | ☑ ကျား □မ □ ကျား+ မ |
| ၄။ | ကျေးရွာတွင်းအစည်းအဝေးပြုလုပ်ရန် အတွက်နေရာခက်ခဲခြင်း | □ ကျား □မ ☑ ကျား+ မ |
| ၅။ | စာသင်ကျောင်းနှင့်ကျောင်းခြံစည်းရိုးမှာ လုံခြုံမှုမရှိခြင်း | □ ကျား □မ ☑ ကျား+ မ |
| ၆။ | သီးနှံများမှာ ကြွက်များ၊ သီးပင်ဖျက်ပိုးများ ဖျက်စီးခြင်းကြောင့် ဆုံးရှုံးခြင်း | ☑ ကျား □မ □ ကျား+ မ |

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|
| ၁။ | ရပ်ရွာအကျိုးအတွက် အစည်းအဝေးပြုလုပ်ရန် ကျယ်ဝန်းသည့် ခန်းမဆောင် ရှိလာရမည် | □ ကျား □မ ☑ ကျား+ မ |
| ၂။ | တောင်ကျရေအကာအခံနိုင်သည့်ကွန်ကရစ်တံတား ရှိလာရမည် | ☑ ကျား □မ □ ကျား+ မ |
| ၃။ | စာသင်ကျောင်း၊ မူကြိုကျောင်းနှင့် ကျောင်းဆရာ/မ ကျောင်းသူ/သားများ အတွက်လုံခြုံသော ခြံစည်းရိုး ရှိလာရမည် | □ ကျား □မ ☑ ကျား+ မ |
| ၄။ | နှိုးမြေနှင့် သစ်ပင်များ မကျလာစေရန်ခိုင်ခံ့သော အဆောက်အဦး ရှိလာရမည် | ☑ ကျား □မ □ ကျား+ မ |
| ၅။ | ကျန်းမာရေး ဝန်ဆောင်မှု ပိုမိုကောင်းလာစေရန် ဆေးပေးခန်း ရှိလာရမည် | □ ကျား □မ ☑ ကျား+ မ |
| ၆။ | ရွာတွင်းရှိလမ်းများမှာ သွားလာရအဆင်ပြေသည့် ကျောက်ချောလမ်းများဖြစ်လာရမည် | □ ကျား □မ ☑ ကျား+ မ |

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အသိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျငွေ | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အိမ်ထောင်စု အတွက် |
|---|---|---|---|---|
| ၁ | ခန်းမဆောင်တည်ဆောက်ခြင်း | ကျ+မ | ၂၆၀ သိန်း | |
| ၂ | မူကြိုကျောင်း၊ ခြံစည်းရိုး | ကျ+မ | ၄၀ သိန်း | |
| ၃ | မြောက်ကြားလမ်း | ကျ+မ | ၆၀၀ သိန်း | |
| ၄ | ရွာတံတား | ကျ+မ | ၂၀၀ သိန်း | |
| ၅ | ရေထွက်ပေါက်ပြုပြင်ခြင်း | ကျ+မ | ၃၀ သိန်း | |
| ၆ | စာသင်ကျောင်းခြံစည်းရိုး ပြုပြင်ခြင်း | ကျ+မ | ၉၆ သိန်း | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဆေးပေးခန်း | ကျ+မ | |
| ၂ | ပညာရေးအထောက်အပံ့ | မ | |
| ၃ | စိုက်ပျိုးရေးနည်းပညာသင်တန်း | မ | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး ဖရန် စစ် ---------- လက်မှတ် (signature) ---------- နေ့စွဲ 25.4.2018

# စတုတ္ထနှစ်စက်ဝန်း၊ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဖြော်ဖူးခိုပါ |

| | | | |
|---|---|---|---|
| နေ့စွဲ 29.9.2019 | | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☑ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု ပန်းချစ် | ကျေးရွာ ဒေါ်တလေ့ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|
| ၁။ | ရွာတွင်းရှိလမ်းများမှာမြေသားလမ်းများဖြစ်သောကြောင့်မိုးရာသီတွင် သွားလာရခက်ခဲခြင်း၊ အချိန်ကြန့်ကြာခြင်း | ☐ ကျား ☐ မ ☑ ကျား+ မ |
| ၂။ | မူကြိုကျောင်းနှင့်မူလတန်းကျောင်းမှာ ကားလမ်းမဘေးတွင်တည်ရှိပြီး ခြံစည်းရိုးမရှိခြင်းကြောင့်ကလေးများအတွက်လုံခြုံမှုမရှိခြင်း၊ တိရစ္ဆာန်များဝင်ရောက်ခြင်း | ☐ ကျား ☐ မ ☑ ကျား+ မ |
| ၃။ | နွေရာသီတွင်ရေလုံလောက်စွာမရရှိခြင်းကြောင့် သောက်သုံးရေခက်ခဲခြင်း၊ စိုက်ပျိုးရန်ခက်ခဲခြင်း | ☐ ကျား ☑ မ ☐ ကျား+ မ |
| ၄။ | မိုးရာသီတွင်တောင်ကျချောင်းရေများကျသောအခါ ရွာထွက်ပေါက်တောင်ယာသို့ သွားသောတံတားမှာ ကြံ့ခိုင်မှုအားနည်းခြင်း | ☐ ကျား ☐ မ ☑ ကျား+ မ |
| ၅။ | ကျောင်းသားဦးရေများ များပြားလာခြင်းကြောင့် မူလတန်းကျောင်း၌ စာသင်ဆောင်များမှာ လုံလောက်မှုမရှိခြင်း | ☐ ကျား ☐ မ ☑ ကျား+ မ |
| ၆။ | သီးနှံများပိုးကျခြင်းကြောင့် အထွက်နှုန်းများကျဆင်းပြီး စားဝတ်နေရေး ခက်ခဲခြင်း | ☐ ကျား ☐ မ ☑ ကျား+ မ |
| ၇။ | ကျေးရွာအတွင်း တွင်ရှိသော အဆောက်အဦ လမ်းများ ခြံစည်းရိုးမရှိခြင်းကြောင့် ကလေးများ တာဝန်မဲ့ ရောက်ခြင်း၊ တိရစ္ဆာန်များဝင်ရောက်ခြင်းကြောင့် လုံခြုံမှုအားနည်းခြင်း | ☑ ကျား ☐ မ ☐ ကျား+ မ |
| ၈။ | တောင်ယာသို့သွားသောလမ်းမှာ ကောင်းမွန်ခိုင်ခံ့မှု အားနည်းသော ကြောင့်သီးနှံများသယ်ဆောင်ရန်နှင့် သွားလာရန်ခက်ခဲခြင်း | ☐ ကျား ☐ မ ☑ ကျား+ မ |

**ခ။ မျှော်မှန်းခြင်း**- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|
| ၁။ | ရွာတွင်းရှိလမ်းများမှာကျောက်ချောလမ်းများဖြစ်လာပြီး တစ်နှစ်ပတ်လုံးသွားလာရအဆင်ပြေချောမွေ့လာရမည်။ | ☐ ကျား ☐ မ ☑ ကျား+ မ |
| ၂။ | မူကြိုကျောင်းနှင့်မူလတန်းကျောင်းအတွက် ခိုင်ခံ့လုံခြုံသော ခြံစည်းရိုးရှိလာပြီး ကလေးများအတွက် လုံခြုံမှုရှိလာရမည် | ☐ ကျား ☐ မ ☑ ကျား+ မ |
| ၃။ | နွေရာသီတွင်သာမက တစ်နှစ်ပတ်လုံး ရေအလုံအလောက်ရရှိလာရမည် | ☐ ကျား ☑ မ ☐ ကျား+ မ |
| ၄။ | ရွာမှတောင်ယာသို့ သွားသောတံတားမှာ လုံခြုံခိုင်ခံ့သော တံတားဖြစ်လာပြီး သွားလာရအဆင်ပြေလာရမည် | ☐ ကျား ☐ မ ☑ ကျား+ မ |
| ၅။ | ကျေးရွာတွင်းရှိ ကလေးများ အားလုံး အတွက် ပညာသင်ကြားသော အဆင်ပြေ စာသင်ဆောင်များ ရှိလာရမည် | ☐ ကျား ☐ မ ☑ ကျား+ မ |
| ၆။ | စိုက်ပျိုးရေးနည်းပညာသစ်များကို သိရှိလာပြီး သီးနှံများပိုးကျခြင်းမှ ကာကွယ်နိုင်လာရမည် | ☐ ကျား ☐ မ ☑ ကျား+ မ |

| | |
|---|---|
| ကျေးရွာ၏ စိန်ခေါ်မှုအတွက် [illegible] ရှိပါသည်။ | ☑ ကျား ☐ မ ☐ ကျား+ မ |
| ဇ။ [illegible] | ☐ ကျား ☐ မ ☑ ကျား+ မ |

ဂ။ လူထုစီမံကိန်း၏ လာမည့်(၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ(အမျိုးသားများ /အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | အခန်း ကဏ္ဍ | ဦးစား ပေး အဆင့် သတ်မှတ်ချက် | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၁ | ကျန်းမာရေးတံတား တည်ဆောက်ခြင်း (ချောင်းဖြတ်တံတား) | ကျား+မ | လမ်းပန်း ဆက်သွယ်ရေး | ၁ | သိန်း ၂၅၀ | ၂၈၄ | ၂၇၁ | ၅၅၅ |
| ၂ | မူကြိုနှင့်မူလတန်းကျောင်းခြံစည်းရိုး တည်ဆောက်ခြင်း | ကျား+မ | ပညာရေး | ၂ | သိန်း ၂၅၀ | ၂၈၄ | ၂၇၁ | ၅၅၅ |
| ၃ | ရွာတွင်းကျောက်ချောလမ်း ခင်းခြင်း | ကျား+မ | လမ်းပန်း ဆက်သွယ်ရေး | ၃ | သိန်း ၇၀၀ | ၂၈၄ | ၂၇၁ | ၅၅၅ |
| ၄ | စာသင်ကျောင်း ဆောင်တိုးချဲ့ခြင်း | ကျား+မ | ပညာရေး | ၄ | သိန်း ၃၀၀ | ၂၈၄ | ၂၇၁ | ၅၅၅ |
| ၅ | တောင်ယာကုန်းထွက်လမ်း ခင်းခြင်း | ကျား+မ | လမ်းပန်း ဆက်သွယ်ရေး | ၅ | သိန်း ၂၅၀၀ | ၂၈၄ | ၂၇၁ | ၅၅၅ |
| ၆ | ဆည်မြောင်းမြေစည်းရိုး တည်ဆောက်ခြင်း | ကျား | အခြား | ၆ | သိန်း ၃၀. | ၂၈၄ | ၂၇၁ | ၅၅၅ |
| ၇ | ရေတွင်းပေါက်ပြုပြင်ခြင်း | မ | ရေနှင့်သန့်ရှင်းရေး | ၇ | သိန်း ၅၀ | ၂၈၄ | ၂၇၁ | ၅၅၅ |
| ၈ | | | | | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ပညာရေးအထောက်အပံ့ ထောက်ပံ့ပေးခြင်း | မ | ပညာရေး |
| ၂ | စိုက်ပျိုးရေးနည်းပညာသင်တန်း | [illegible] | Livelihoods |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် [illegible] လက်မှတ် ---------- နေ့စွဲ 29. 9. 2019

...၂၀၁၉ ခုနှစ်...ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း......အစည်းအဝေးအစီရင်ခံစာ

| | | | | | |
|---|---|---|---|---|---|
| နေ့ရက် | ၂၉-၉-၂၀၁၉ | အချိန် | 9:00 | မှ 5:00 PM ထိ | |
| နေရာ | ကျေးရွာ ခန်းမဆောင် | ကျေးရွာအုပ်စု/ကျေးရွာ | ဖြိုးချမ်းသာ ၊ ဒေါ်... ကျေးရွာ | | |
| မြို့နယ် | ထိုင်ကင် | ပြည်နယ် | ကချင်ပြည်နယ် | | |

အစည်းအဝေးအစီအစဉ်

| | |
|---|---|
| ၁ | တက်ရောက်သူစာရင်း ကောက်ယူခြင်း၊ ကျေးရွာရပ်မိရပ်ဖများမှ အဖွင့်မှာကြားစကား ပြောကြားခြင်း ၊ CF မှ စီမံကိန်း အကြောင်း |
| ၂ | ပြန်လည်ရှင်းလင်းပြီး စီမံကိန်း ပါတ်သက်နှင့် စက်ရုံ အား ရှင်းလင်းခြင်း |
| ၃ | အစိုးရ ပါဝင်သူများနှင့် တာဝန်ဝတ္တရားများ အကြောင်း ရှင်းလင်းဆွေးနွေးပြီး |
| ၄ | ကော်မတီရွေးချယ် တင်မြှောက်ခြင်း၊ PRA tools ဆန်းစစ်ခြင်း ၊ အမျိုးသား |
| ၅ | အမျိုးသမီး အခက်အခဲများကို ဆွေးနွေးပြီး ဖွံ့ဖြိုးရေး လုပ်ငန်းများ ရွေးချယ်ခြင်း |

| ဆွေးနွေးသည့်အကြောင်းအရာများ | ဦးဆောင်ဆွေးနွေးသူ |
|---|---|
| - ကျေးရွာလူထုမှ စီမံကိန်းလုပ်ငန်းစဉ် အကြောင်း ပြန်လည်အမှတ်ရ စေရန် စီမံကိန်း ပါတ်သက် နှင့်စက်ရုံ အကြောင်းဆွေးနွေးခြင်း<br>- အစိုးရ ပါဝင်သူများနှင့် တာဝန်ဝတ္တရား အကြောင်းရှင်းလင်း ဆွေးနွေးပြီး ကော်မတီရွေးချယ်ခြင်း | ဒေါ်နော်မူးခိုဝါ |
| - PRA tools များကိုဆွေးနွေးခြင်း<br>- အကျိုးဝင် ၊ အကျိုးမဝင် နှင့် အကာအကွယ်စံသတ်မှတ် ချက် များကို ဆွေးနွေးခြင်း / အမျိုးသား ၊ အမျိုးသမီး အခက်အခဲ များကို အုပ်စုဖွဲ့ ဆွေးနွေးပြီး လုပ်ငန်းခွဲများ ဖော်ထုတ်ခြင်း | ဒေါ်မိုမိုကို |

ဆွေးနွေးဆုံးဖြတ်ချက်များ-

PRA tools များကို ပြန်လည်ချပြဆွေးနွေးခဲ့ကြပြီး ပြန်လည်အတည် ပြုခဲ့ပါသည်။ ကော်မတီများကိုလည်း ပြန်လည်ဖွဲ့စည်း အတည်ပြုခဲ့ ကြပါသည်။ ထို့နောက် အခက်အခဲ ပြဿနာများကို အုပ်စုဖွဲ့ကာဆွေးနွေး ကြပြီး ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသော လုပ်ငန်းခွဲများကို ဖော်ထုတ် ခဲ့ကြပါသည်။

အကြံပြုချက်များ-

တာဝန်ကျ ဝန်ထမ်းများနှင့် လုပ်ငန်းစဉ်များအား ဆွေးနွေး ရာတွင် ကော်မတီဝင် များ နှင့် ကျေးရွာလူထု များ တက်ကြွစွာ ပါဝင် ဆွေးနွေး ခဲ့ကြပါသည်။ အမျိုးသမီး များ တချို့ ပြောရဲ ဆိုရဲ ပိုမို အားနည်း နေသေးသဖြင့် ပိုမို ပါဝင်ရန် လိုအပ်ပါသည်။

မှတ်တမ်းပြုစုသူ ဒေါ်နော်မူးခိုဝါ

ရာထူး - CF

# ကဏ္ဍအလိုက်ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ (အမှန်ခြစ်ရန်) | | | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့ အစည်း(သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| အခြေခံအဆောက်အဦကဏ္ဍ(လမ်း၊တံတား၊ ရေရရှိရေး၊မီးလင်းရေး) | ၁ | ကွန်ကရစ်တံတားတည်ဆောက်ခြင်း (ရွာပြင်တံတား) | | | √ | | | |
| | ၂ | ရွာတွင်းကျောက်ချောလမ်းခင်းခြင်း | | | √ | | | |
| | ၃ | တောင်ယာကုန်ထုတ်လမ်းခင်းခြင်း | | | √ | | | |
| | ၄ | ခန်းမဆောင်ခြံစည်းရိုး တည်ဆောက်ခြင်း | √ | | | | | |
| | ၅ | | | | | | | |
| | ၆ | | | | | | | |
| | ၇ | | | | | | | |
| လူမှုစီးပွားကဏ္ဍ(ပညာရေး၊ကျန်းမာရေးနှင့်ဆိုင်သော အဆောက်အဦများ နှင့် အခြားလိုအပ်ချက်များ | ၁ | မူကြိုနှင့် မူလတန်းကျောင်းခြံစည်းရိုးတည် ဆောက်ခြင်း | | | √ | | | |
| | ၂ | စာသင်ကျောင်းဆောင်တိုးချဲ့ခြင်း | | | √ | | | |
| | ၃ | ပညာရေးအထောက်အပံ့ထောက်ပံ့ပေးခြင်း | | √ | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| အသက်မွေး ဝမ်းကျောင်း ကဏ္ဍ | ၁ | စိုက်ပျိုးရေးနည်းပညာသင်တန်း | | √ | | | | |
| | ၂ | | | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| | ၆ | | | | | | | |
| | ၇ | | | | | | | |
| | | | | | | | | |
| သဘာဝဘေးအန္တရာယ်ဖေ လျော့ပါးရေးကဏ္ဍ | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| အခြားကဏ္ဍ(ဌာနဆိုင်ရာများသို့ လွှဲပြောင်းနိုင်ခြင်း နှင့် အကောင် အ ထည် ဖော်နိုင်ခြင်းမရှိသောလုပ်ငန်းများ) | ၁ | ရေထွက်ပေါက်ပြုပြင်ခြင်း | | √ | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| | ၆ | | | | | | | |
| | ၇ | | | | | | | |

## ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

| စဉ် | လုပ်ငန်းအမည် | ဦးစားပေး အဆင့် | အဆိုပြုသူ (ကျား) | အဆိုပြုသူ (မ) | အဆိုပြုသူ (ကျား+မ) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ကွန်ကရစ်တံတားတည်ဆောက်ခြင်း (ရွာပြင်တံတား) | ၁ | | | √ | |
| ၂။ | မူကြိုနှင့် မူလတန်းကျောင်းခြံစည်းရိုးတည် ဆောက်ခြင်း | ၂ | | | √ | |
| ၃။ | ရွာတွင်းကျောက်ချောလမ်းခင်းခြင်း | ၃ | | | √ | |
| ၄။ | စာသင်ကျောင်းဆောင်တိုးချဲ့ခြင်း | ၄ | | | √ | |
| ၅။ | တောင်ယာကုန်ထုတ်လမ်းခင်းခြင်း | ၅ | | | √ | |
| ၆။ | ခန်းမဆောင်ခြံစည်းရိုး တည်ဆောက်ခြင်း | ၆ | √ | | | |
| ၇။ | ရေထွက်ပေါက်ပြုပြင်ခြင်း | ၇ | | √ | | |
| ၈။ | ပညာရေးအထောက်အပံ့ထောက်ပံ့ပေးခြင်း | ၈ | | √ | | |
| ၉။ | စိုက်ပျိုးရေးနည်းပညာသင်တန်း | ၉ | | √ | | |
| ၁၀။ | | | | | | |
| ၁၁။ | | | | | √ | |
| ၁၂။ | | | | | | |
| ၁၃။ | | | | | | |

**ပါဝင်ဆွေးနွေးသူ**

ကျား - ၃၅ဦး

မ - ၅၁ဦး

**မှတ်တမ်းတင်သူ**

အမည် -ဒေါ်နော်မူးခိုဝါး

ရာထူး-လူထုစည်းရုံးရေးမှူး

# လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ






A.ONE
4
8888

